မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 31 , 2023 Volume 62, Number 21

၃၁.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၄၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၂.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၉၄.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၈၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၂.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၉၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၆၁၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၉.၈၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၂.၂၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၆၀၇ ကျပ် |

Source: CBM Rate, etrademyanmar.com

## တနင်္သာရီတိုင်းဒေသကြီးမှ သဘာဝငှက်သိုက်များ ဈေးကောင်းရရှိ



Source: MWD

တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိသည့် သဘာဝငှက်သိုက်များ ဈေးကောင်းရရှိလာသဖြင့် ငှက်ခေါ်စက်များ တပ်ဆင်ကာ ငှက်သိုက်လုပ်ငန်း လုပ်ကိုင်သူ တိုးတက်များပြားလာကြောင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန၏ သတင်းများအရ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ငှက်သိုက်ကို မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များရှိ သဘာဝတောတောင်များမှ ရှာဖွေထုတ်လုပ်ရောင်းချနေပြီး နေအိမ်များတွင်လည်း မွေးမြူထုတ်လုပ်ရောင်းချနေကြောင်း၊ မြိတ်ကျွန်းစုဒေသနှင့် ကော့သောင်းဒေသတို့မှ ထွက်ရှိသော ငှက်သိုက် (အမည်း) Bird’s Nest(Black) များသည် စင်ကာပူနိုင်ငံတွင် ဈေးကွက်ခိုင်မာစွာရရှိနေပြီဖြစ်သဖြင့်ငှက်သိုက် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၄၇၀ ဒေါ်လာထိ ပေါက်ဈေးရရှိနေကြောင်း သိရသည်။

သဘာဝငှက်သိုက်များကို ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများသို့ တင်ပို့ရောင်းချပေးနေရသောကြောင့် ငှက်သိုက်ဈေးနှုန်းများ မြင့်တက်လာကာ ဈေးကွက်သွက်လက်လှုပ်ရှားလာသဖြင့် တနင်္သာရီတိုင်းဒေသကြီးရှိနေအိမ်များတွင် ငှက်ခေါ်စက်များတပ်ဆင်ကာ ငှက်သိုက်လုပ်ငန်းလုပ်ကိုင်သူများ ပြားလာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါပင်ရင်း ဒေသများ၌ သဘာဝငှက်သိုက်၏ ဈေးနှုန်းများမှာ ငှက်သိုက်အကြမ်း တစ်ကျပ်သားလျှင် ငွေကျပ် ၃၆,၀၀၀၊ ငှက်သိုက်အချော တစ်ကျပ်သားလျှင် ငွေကျပ် ၅၃,၀၀၀ နှင့် တစ်ခါသောက်ပုလင်း ၄၅ မီလီလီတာ တစ်ဘူးလျှင် ငွေကျပ် ၆,၀၀၀ ခန့်ရှိနေပြီး ယခုအခါ ငှက်သိုက်များကို မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာဖော်ပြကာ ဖြန့်ဖြူးရောင်းချပေးနေကြောင်း တနင်္သာရီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

Source: MWD

https://www.foodindustrydirectory.com.mm/food-industry/cuisine/ myanmar/ item/5706-natural-bird-nests-from-tanintharyi-region-at-a-good-price.html

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်ရေးမှ (၉)လကျော်ကာလအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၂၀၀၀ ကျော်ရရှိထား

၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ် (၉)လတာအတွင်း မြန်မာ - တရုတ်ကုန်သွယ်ရေးမှ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၀၀၀ ကျော်ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

အဆိုပါကုန်သွယ်မှုတန်ဖိုးများမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ လဝက်အထိ ရရှိခဲ့သည့် ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ သန်း ၂၁၅၉.၄၁၂ သန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်မှုတန်ဖိုးများတွင် ပို့ကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၁၈၀၁.၅၀၁ သန်း၊ သွင်းကုန်အနေဖြင့် အမေရိကန်ဒေါ်လာ ၃၅၇.၉၁၁ သန်းဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ သိရသည်။

မြန်မာ-တရုတ် ကုန်သွယ်မှုလုပ်ငန်းများကို မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တည်၊ ကျိုင်းတုံစသည့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှတဆင့် ဆောင်ရွက်နေပြီး မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်များမှ နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုမှာ ၉၀ ရာခိုင်နှုန်းဝန်းကျင် ကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်းလည်း သိရသည်။

မြန်မာ - တရုတ် ကုန်သွယ်မှုကဏ္ဍတွင် ပို့ကုန်အနေဖြင့် ဆန်၊ ဆန်ကွဲ ၊ ပြောင်း ၊ ပဲ၊ ဖရဲ ၊ သခွား၊ ရေထွက်ကုန်ပစ္စည်းများ၊ ကြက်သွန်၊ ရော်ဘာစသည်တို့တင်ပို့နေပြီး သွင်းကုန်အနေဖြင့် လျှပ်စစ်ပစ္စည်း၊ စက်ပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်း၊ ဆေးဝါးနှင့်စားသောက်ကုန်ပစ္စည်းများ တင်သွင်းလျက်ရှိကြောင်း မူဆယ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ် (၉) လကျော်အတွင်း မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးစခန်းများမှရရှိသည့် ကုန်သွယ်မှုတန်ဖိုးများမှာ မူဆယ်နယ်စပ်ကုန်သွယ်ရေးမှ အမေရိကန်ဒေါ်လာ ၁၇၆၂.၀၅၁ သန်း၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၁၀၅.၇၃၅ သန်း၊ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၂၁၅.၆၀၃ သန်း၊ ကန်ပိုက်တည်စခန်းမှ အမေရိကန်ဒေါ်လာ ၆၆.၄၁၆ သန်းနှင့် ကျိုင်းတုံကုန်သွယ်ရေးစခန်းမှ အမေရိကန်ဒေါ်လာ ၉.၆၀၇ သန်းရရှိခဲ့ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနမှ သိရသည်။

**Source:** https://www.popularmyanmar.com/?p=101205

## ဒေါ်လာဖြင့်သာ တင်ပို့ရောင်းချသည့် မူဝါဒပြောင်းလဲမည်ဆိုပါက ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ချိန် တစ်ပိဿာ ငွေကျပ် ၁၅၀၀ ခန့် မြင့်တက်လာနိုင်



Source: မကွေးဂျာနယ်

ပြည်ပနိုင်ငံများသို့ ဒေါ်လာဖြင့်သာ ရောင်းချရသည့်မူဝါဒနှင့် ပို့ကုန်ရငွေအပေါ် ငွေလဲလှယ်နှုန်း ပြောင်းလဲလိုက်ပါက ထိုင်းနိုင်ငံသို့ ပြောင်းတင်ပို့ချိန် ပြောင်းဈေး လက်ရှိဈေးထက် ပိုမိုမြင့်တက်လာနိုင်ကြောင်း မြန်မာနိုင်ငံ ပြောင်းစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်သူများ အသင်းဥက္ကဋ္ဌ ဦးတိုးတက်နိုင်ကပြောသည်။

"လက်ရှိပြောင်းပေါက်ဈေးမှာ မရောင်းချသေးဘဲ ထိန်းထားနိုင်ရင်တော့ ထိုင်းနိုင်ငံ တင်ပို့ချိန်မှာ ပြောင်းပေါက်ဈေး ဆက်လက်မြင့်တက်နိုင်ပါတယ်။ နိုင်ငံခြား ပြောင်းတင်ပို့မှု ကုန်သွယ်မှုရငွေကို မြန်မာငွေ ပြည်လဲလှယ်ရတဲ့နှုန်းထား ၃၅-၆၅ ရာခိုင်နှုန်း သတ်မှတ်ချက်ကလည်း မပြောင်းလဲသေးပါဘူး။ ပို့ကုန်ရငွေလဲလှယ်နှုန်း ပြောင်းလဲခဲ့ရင် ပြောင်းတစ်ပိဿာ ငွေကျပ် ၁၅၀၀ လောက်ထိ ရောက်သွားနိုင်ပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိ ဇန်နဝါရီလကုန်ပိုင်းရက်များတွင် ပြည်တွင်းပြောင်းပေါက်ဈေးမှာ ရန်ကုန်ဈေးတစ်ပိဿာ ငွေကျပ် ၁၂၀၀ ပေါက်ဈေးရှိပြီး မန္တလေးပြောင်းပေါက်ဈေး တစ်ပိဿာ ငွေကျပ် ၁၁၈၀ ကျော်၊ တောင်ကြီးပြောင်းပေါက်ဈေး တစ်ပိဿာ ငွေကျပ် ၁၁၉၀ ခန့် ပေါက်ဈေးရှိကြောင်းသိရသည်။ "လက်ရှိ ရန်ကုန်ပြောင်းဈေးက တစ်ပိဿာ ငွေကျပ် ၁၂၀၀ ရှိပါတယ်။ လက်ရှိမှာ မွေးမြူရေးအစာစက်ရုံတစ်ခုက ရှမ်းပြည်နယ် တောင်ပိုင်းမှာ အခြေစိုက်ပြီး အစာစက်တွေ ပိုမိုလည်ပတ်နေပါတယ်။ အဲဒီတော့ ရန်ကုန်ဈေးကွက်ကို ပြောင်းအဆင်းနည်းသွားပါတယ်။ ပေါက်ဈေးကလည်း တစ်ပိဿာ ငွေကျပ် ၅၀

လောက်ပဲထွက်တော့ တောင်သူ၊ ပွဲရုံတွေက ရန်ကုန်လိုင်းကို အရောင်းနည်းသွားတာပါ။ လက်ရှိမှာ ရပ်စောက်၊ တောင်ကြီး၊ သီပေါ၊ နမ့်လန်ဘက်က ပြောင်းကျန်နေပါသေးတယ်။ ထိုင်းနိုင်ငံ ပြောင်းရောင်းချမှုမူဝါဒမှာ ဒေါ်လာနဲ့မရောင်းဘဲ ထိုင်းဘတ်ငွေနဲ့ရောင်းချရရင် ပြောင်းပေါက်ဈေးပိုရလာပါမယ်”ဟု ၎င်းကဆက်လက်ပြောသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံမှာ ပို့ကုန်ပဲ၊ ပြောင်း၊ နှမ်းအပါအဝင် ကုန်ပစ္စည်းအချို့ကို ဒေါ်လာဖြင့်သာရောင်းချရန်နှင့် ပို့ကုန်ရငွေကို မြန်မာငွေဖြင့်လဲလှယ်ရာတွင် ၃၅-၆၅ ရာခိုင်နှုန်းသတ်မှတ်ထားတာကြောင့် ပို့ကုန်သမားများ အဆင်မပြေဖြစ်နေကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကြက်သွန်အသစ်များ လှိုင်လှိုင်ပေါ်လာနေသည့်အတွက် ကြက်သွန်နီဈေးများ စိုက်စရိတ်အောက် ကျဆင်းလာ

ကြက်သွန်နီ လှိုင်လှိုင်ပေါ်သည့်ကာလဖြစ်သည့်အတွက် ကြက်သွန်ဈေးများ ပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း ကုန်သည်များနှင့် စားသုံးသူများထံမှသိရသည်။

ပြီးခဲ့သည့်နှစ်များက ကြက်သွန်တစ်ပိဿာလျှင် ၅၀၀၀ ဈေးထိ ဈေးရရှိခဲ့သည့်အတွက် တောင်သူများအနေဖြင့် ယခုနှစ်တွင် ပိုမိုစိုက်ပျိုးခဲ့သည့်အတွက် အထွက်နှုန်းများလာပြီး ဇန်နဝါရီလမှစ၍ ကြက်သွန်လှိုင်လှိုင်ပေါ်သည့်ကာလဖြစ်၍ ဈေးကွက်သို့ ကြက်သွန်အသစ်များ ဆက်တိုက်သလို ဝင်ရောက်နေကြောင်းလည်းသိရသည်။ “လက်ရှိ တောဈေးကျနေတယ်။ ကြက်သွန်က ပေါလေလေ ဈေးကကျလေလေပဲ။ ကြက်သွန်က နှစ်လပိုင်းကနေ လေးလပိုင်းဆက်တိုက် သူ့နယ်နဲ့သူ ဆက်တိုက်ပေါ်တော့မှာ တစ်နိုင်ငံလုံး အတိုင်းအတာရပ္ပေါ့။ မိုးစိုက်တွေကတော့ အခုဈေးက အရင်းလောက်ပဲရမယ်။ စိုက်စရိတ်အောက် ရောက်လာပြီလို့ပြောလို့ရတယ်”ဟု မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်မှ ကြက်သွန်စိုက် ကုန်သည် ကိုအောင်စိုးမြင့်ကပြောသည်။

လက်ရှိဈေးကွက်သို့ မြစ်သား၊ ဆိပ်ဖြူနှင့်ပခုက္ကူဘက်မှ ကြက်သွန်နီများ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်တွင် မြစ်သားကြက်သွန်များမှာ ဈေးကွက်အမြင့်ဆုံးနှင့် အရောင်းဝယ်ပိုဖြစ်ကြောင်းသိရသည်။

လက်ရှိတောဈေးမှာ ၁၁၀၀၊ ၁၂၀၀ ခန့်ပေါက်ဈေးရှိနေပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်ပေါ် မူတည်ကာ ဈေးနှုန်းများ ပြောင်းလဲနိုင်ကြောင်းလည်း သိရသည်။ “အခု အသစ်တွေက ဈေးကျတယ်။ အသစ်ဝင်လာတဲ့ ကြက်သွန် အလတ်လေးတွေ ၂၃၀၀ ဈေးနဲ့ဝယ်ရတယ်။ အသေးဆုံးက ၂၀၀၀ ဈေးရှိတယ်။ အခု အသစ်တွေပဲ ဝယ်စားနိုင်တယ် မြစ်သား ကြက်သွန်အဟောင်းတွေက ၄၀၀၀ ကျော်တယ် “ ဟု သင်္ဃန်းကျွန်းမြို့နယ်နေသူ မဆုမြတ်ကပြောသည်။

လက်ရှိ ရန်ကုန်ဈေးကွက်တွင် ဆိပ်ဖြူတစ်ပိဿာလျှင် ၁၅၀၀ မှ ၁၇၀၀၊ မြစ်သားတစ်ပိဿာလျှင် ၁၅၀၀ မှ ၂၅၀၀ ၊ မြင်းခြံတစ်ပိဿာလျှင် ၁၅၅၀ မှ ၁၆၅၀ ထိဈေးရှိကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်ရှိ ပွဲရုံတချို့ထံမှ သိရသည်။

နောက်ပိုင်းဈေးကွက်သို့ ကြက်သွန်များ ပိုမိုဝင်ရောက်လာပါက တစ်ပိဿာလျှင် ၁၀၀၀ အောက် ရောက်သွားနိုင်ကြောင်း တောင်သူများထံမှ သိရသည်။

လတ်တလောတွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများနှင့်သွင်အားစုများ ဈေးကြီးနေသောကြောင့် သယ်ယူပို့ဆောင်ရေးအပါအဝင် အခြားအခက်ခဲများစွာရှိနေကြောင်း သိရသည်။

ကြက်သွန်နီကို ၁၁ လပိုင်းနှင့် ၁၂ လပိုင်းမှာ စတင်စိုက်ပျိုးကြပြီး ၄ လပိုင်းအထိ နွေကြက်သွန်များ ပေါ်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိသွင်းအားစုများ ဈေးကြီးနေသည့်အတွက် မြေဩဇာကောင်းကောင်းမသုံးနိုင်ပါက အထွက်နှုန်းနည်းကာ အရည်အသွေးလည်း ကျဆင်းနိုင်ကြောင်း သိရသည်။

**Source: AMIA**

https://t.me/htwettoe

## မြန်မာအမျိုးသားလေကြောင်းလိုင်း ပြည်ပလေယာဉ်လက်မှတ်များကို ၁၅ ရာခိုင်နှုန်းလျှော့ဈေး၊ ပြည်တွင်းလေယာဉ် လက်မှတ်များအား ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဝယ်ယူနိုင်မည့်ကာလကို ဖေဖော်ဝါရီ ၂ ရက်အထိ တိုးမြှင့်သတ်မှတ်

မြန်မာအမျိုးသားလေကြောင်းလိုင်း ပြည်ပလေယာဉ်လက်မှတ်များအား ၁၅ ရာခိုင်နှုန်းလျှော့ဈေး၊ ပြည်တွင်း လေယာဉ် လက်မှတ်များအား ၁၀ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ဝယ်ယူနိုင်မည့်ကာလကို ဖေဖော်ဝါရီ ၂ ရက်အထိ တိုးမြှင့်သတ်မှတ် ခဲ့ကြောင်း သိရသည်။

Myanmar Travel Fair 2023 တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းက ပြည်တွင်းပြည်ပလေယာဉ် လက်မှတ် များအား ၁၅ ရာခိုင်နှုန်းလျှော့ဈေးဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

၂၀၂၃ခုနှစ်ဇန်နဝါရီ ၂၇ ရက်မှ ၂၉ ရက်အထိ ဝန်ကြီးများရုံးတွင်ကျင်းပမည့် Myanmar Travel Fair 2023 တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းက Main Sponsor အဖြစ် ပါဝင်ထားပြီး Travel Fair အတွင်း ပြည်တွင်း ပြည်ပ လေယာဉ်လက်မှတ်များအား ၁၅ ရာခိုင်နှုန်းအထိ လျှော့ဈေးဖြင့် ရောင်းချပေးသွားမည့်အပြင် လက်ဆောင်ပစ္စည်းများပါ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ဘန်ကောက် အသွားအပြန်ခရီးစဉ်အား အမေရိကန် ၇၄ ဒေါ်လာမှ စတင်၍ လည်းကောင်း၊ ရန်ကုန်-ချင်းမိုင်အသွားအပြန် ခရီးစဉ်အား ၁၆၀ ဒေါ်လာမှ စတင်ရောင်းချနေကြောင်း သိရသည်။

၂၀၂၂အောက်တိုဘာလမှစတင်ကာ ထိုင်းနိုင်ငံတွင်း ဝင်ရောက်လာမည့် နိုင်ငံခြားသားများ၏ Visa Free အတွက် ထိုင်းနိုင်ငံတွင်း နေထိုင်နိုင်မည့်ကာလကို ရက်ပေါင်း၃၀ မှ ၄၅ ရက်အထိ တိုးမြှင့်ပေးလိုက်ရာ မြန်မာနိုင်ငံသားများလည်း ၄၅ ရက် Visa Free သက်တမ်းရရှိခြင်းဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း လေယာဉ်လက်မှတ်များအားဝယ်ယူရန် ဘိုကင်ပြုလုပ်ထားသော ခရီးသည်များ အနေဖြင့် ငွေမပေးချေမီ www.flymna.com တွင် ticket number ထည့်သွင်း၍ စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ခရီးသည်များအနေဖြင့် ငွေမပေးချေမီ www.flymna.com တွင် find booking နေရာတွင် မိမိ last name နှင့် လက်မှတ်၏ အပေါ်ညာဖက်ထောင့် အက္ခရာခြောက်လုံးပါရှိသော booking reference သို့မဟုတ် အမှတ်စဉ် ၆၆ ဖြင့် စတင်သော ticket number ထည့်သွင်း၍ စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်သည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ဘန်ကောက်ခရီးစဉ်အားနေ့စဉ်၊ ရန်ကုန်-ချင်းမိုင်ခရီးစဉ်အားတစ်ပတ် သုံးကြိမ်ပျံသန်းနေပြီး ထိုင်းနိုင်ငံရှိ King Power ဆိုင်များတွင် Boarding Pass ပြသရုံဖြင့် ၁၅ ရာခိုင်နှုန်း လျှော့ဈေးရယူ နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်း ပျံသန်းနေသည့် ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် အခြားပြည်တွင်းခရီးစဉ် များတွင် Online Check-in Service ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ Online Check-in Service သည် ပြည်တွင်းခရီးစဉ်များတွင်သာ ရရှိနိုင်မည်ဖြစ်ပြီး လေယာဉ်ထွက်ခွာချိန်မတိုင်ခင် ၂၄ နာရီမှ ၇၅ မိနစ်အတွင်း မည်သည့် အချိန်တွင်မဆို ပြုလုပ်နိုင်မည်ဖြစ်ပြီး Print ထုတ်ထားသော E-Boarding Pass အားဂိတ်တွင်ပြသပြီး ခရီးစဉ်တွင် လိုက်ပါ နိုင်မည်ဖြစ်သည်။

**Source:** https://news-eleven.com/article/243787

## "Hadong World TEA Expo 2023" ပြပွဲသို့ မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ကြား

ကိုရီးယားသမ္မတနိုင်ငံ၊ ဆိုးလ်မြို့ရှိ Hadong Sports Park ၌ ၂၀၂၃ ခုနှစ်၊ မေလ ၄ ရက်နေ့မှ ဇွန်လ ၄ ရက်နေ့အထိ ကျင်းပပြုလုပ်မည့် Hadong World TEA Expo 2023 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ပြသနိုင်ကြောင်း ဖိတ်ကြားလာသည်။

ပြပွဲ၌ ပါဝင်ပြသရန် ပြခန်း (၁) ခန်းအား အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး နိုင်ငံတကာမှ ကုမ္ပဏီ ၆၀ ခုမှ ပြခန်း (၁၀၀) ဖြင့် ပါဝင်ပြသမည်ဖြစ်ကာ လူဦးရေ ၁ သန်းကျော် လာရောက်ကြည့်ရှုမည်ဟု မျှော်မှန်းထားကြောင်းနှင့် ပြခန်းပါဝင်ပြသခြင်းဖြင့် နိုင်ငံတကာမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်တွေ့ဆုံမှုများနှင့်ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm၊ ဖုန်း ၀၆၇-၄၀၈၆၂၂၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရှိရသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80% AC%E1%80%80%E1%80%BA%E1%80%86%E1%80%AF%E1%80%B6%E1%80%B8%E1%80%9B-

## ကလေးမြို့၌ တစ်နိုင်တစ်ပိုင် ကွမ်းသီးပင်စိုက်ပျိုးမှုဖြင့် ဝင်ငွေတိုးလျက်ရှိ



Source: DOCA (စစ်ကိုင်း)

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် မိမိတို့ခြံဝန်းများအတွင်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသည့် ကွမ်းသီးပင်များသည် နှစ်စဉ် အပိုဝင်ငွေရရှိကြောင်း၊ ကွမ်းသီးများရောင်းချရာတွင် အိမ်အရောက် လာရောက်ဝယ်ယူပြီး အပင်ပေါ် ကိုယ်တိုင်တက်၊ ကိုယ်တိုင်ရေတွက်ကာ ဝယ်ယူလေ့ရှိကြောင်း၊ ကွမ်းသီးဈေးနှုန်းများအနေဖြင့် အကြီး၊ အသေး ရောနှောဝယ်ယူပြီး ကွမ်းသီးတစ်လုံးလျှင် (၉-၁၀)ကျပ် ဈေးနှုန်းများဖြင့်ဝယ်ယူကာ မန္တလေးမြို့ ဝယ်လက်များသို့ ရောင်းဈေးနှုန်း(၁၃)ကျပ်ဖြင့် ပြန်လည်တင်ပို့ရောင်းချရကြောင်း သိရသည်။

ယခင်နှစ်၌ ကွမ်းသီးများကို တစ်ပိုင်တစ်နိုင်အနေဖြင့် ကုန်သည်များ အဆင့်ဆင့်သာ ရောင်းဝယ်မှုပြုလုပ်ကြပြီး ယခုအခါတွင် ကုမ္ပဏီထောင်၍ အရောင်းအဝယ်များ ပြုလုပ်ကြကြောင်း၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ကွမ်းသီးများကို အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအတွင်း တမူးကုန်သွယ်ရေးစခန်းမှ အိန္ဒိယနိုင်ငံသို့ ကွမ်းသီးပို့ကုန်အနေဖြင့် တန်ချိန်(၇.၄၄၈)တန်နှင့် အမေရိကန်ဒေါ်လာ ကျပ်သန်းပေါင်း(၇၂၅၇၂၀၈.၃၀၅) တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံဘက်သို့ ကွမ်းသီးတင်သွင်းရာတွင် ကွမ်းသီးတစ်ပိဿာလျှင် ဂျူတီဆောင်ခ(1kg)လျှင် (၆)ကျပ်ပေးဆောင်ရသဖြင့် နိုင်ငံတော်၏ အခွန်ဝင်ငွေတိုးစေပြီး၊ စိုက်ပျိုးသူများနှင့် ကုန်သည်များအနေဖြင့်လည်း နှစ်စဉ် ဝင်ငွေရရှိကြောင်း သိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%80%E1%

## သကြားတန်ချိန် ၄ သိန်းခွဲအထိ ဖိလစ်ပိုင်တင်သွင်းမည်

ဖိလစ်ပိုင်နိုင်ငံတွင် ယခုနှစ်အတွင်း သကြားမက်ထရစ်တန် ၄၅၀,၀၀၀ တင်သွင်းရန် စီစဉ်နေခြင်းအပေါ် ကြံစိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသူများအကြား စိုးရိမ်မှုအချို့ဖြစ်ပေါ်နေသည်။ ၎င်းတို့က ထုတ်လုပ်မှုနှင့်သုံးစွဲမှု အချက်အလက်များအရ တင်သွင်းမည့်ပမာဏကို သတ်မှတ်ပေးစေလိုကြသည်။

စိုက်ပျိုးရေးဦးစီးဌာန Department of Agriculture(DA) နှင့် သကြားကွပ်ကဲရေးဦးစီးဌာန Sugar Regulatory Administration (SRA) တို့က သကြား မက်ထရစ်တန် ၄ သိန်းခွဲအထိ တင်သွင်းရန် အကြံပြုထားသည်။ ပြည်တွင်းဈေးကွက်တွင် သကြားလက်လီဈေးနှုန်းများကိုလျှော့ချရန် သမ္မတမားကိုစ်၏ညွှန်ကြားချက်ကို လိုက်နာဆောင်ရွက်ခြင်းဖြစ်သည်။ သကြားတင်သွင်းမှုနှင့် ကြားခံအရန်သိုလှောင်မှုများ လိုအပ်ကြောင်းကို လက်ခံနိုင်သော်လည်း SRA မှ တင်သွင်းသည့်ပမာဏသည် သင့်လျော်မှုရှိမရှိဆုံးဖြတ်ရန် SRA မှ ပြည်တွင်းလက်ရှိ သကြားပမာဏနှင့်သကြား ဖူလုံရေး

အတွက် လိုအပ်သည့်ပမာဏ ကိန်းဂဏန်းများကို ထုတ်ဖော်သင့်သည်ဟု ဖိလစ်ပိုင်နိုင်ငံ ကြံစိုက်တောင်သူများအဖွဲ့ချုပ် National Federation of Sugarcane Planters (NFSP) က တောင်းဆိုသည်။

"ယခုနှစ် ကြံရာသီအတွက် သကြား တကယ်ထုတ်လုပ်မှု၊ ထွက်ရှိမယ့် အလားအလာ၊ သုံးစွဲမှု ကိန်းဂဏန်းတွေ မသိဘဲ ကျွန်တော်တို့ အမှောင်ထဲ စမ်းတဝါးဝါးဖြစ်နေချိန်မှာ ပြည်တွင်းလိုအပ်ချက်အတွက် လိုအပ်တဲ့သကြားအတွက် တင်သွင်းမယ့် ပမာဏကို သတ်မှတ်လိုက်တယ်" ဟု NFSP အကြီးအကဲ Enrique Rojas က ပြောကြားသည်။

ပြည်တွင်း အမှန်တကယ်လိုအပ်မည့်ပမာဏကို မဖြစ်မနေချိန်ဆပြီး သကြားတင်သွင်းရမည်ဟု Rojas က ပြောကြားသည်။ တင်သွင်းသည့်သကြားများသည် ကြံရာသီကုန်ဆုံးပြီး သကြားစက်များ အလုပ်ပိတ်သိမ်းပြီးချိန်ကျမှ ဖိလစ်ပိုင်သို့ ရောက်လာသင့်သည်ဟု သူကအကြံပြုသည်။ "ရိတ်သိမ်းချိန်မှာရောက်လာလို့ သကြားဈေးကျရင် ကြံဈေးလည်းကျမယ်။ ကြံတောင်သူတွေနစ်နာမယ်" ဟု Rojas က ပြောကြားသည်။

**Source: philstar**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/5694-sugar.html

## ဂျာမနီနိုင်ငံတွင် အော်ဂဲနစ်စိုက်ပျိုးရေးလုပ်ငန်းများအခြေအနေ

ဂျာမနီနိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၏ သုံးပုံတစ်ပုံကို အော်ဂဲနစ်စိုက်ပျိုးရေးပုံစံလုပ်ကိုင်ရန် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဂျာမန်လယ်သမားများအနေဖြင့် ဖက်ဒရယ်အစိုးရ၏ ထောက်ပံ့ပေးမှုအစီအစဉ်များကို တောင်းဆိုလျက်ရှိပါသည်။ ဂျာမနီတစ်နိုင်ငံလုံးအနေဖြင့် လယ်သမားပေါင်း (၂၅၀၀၀၀) ဦးကျော်ရှိပြီး ထုတ်လုပ်မှုစရိတ်များ မြင့်တက်မှုကြောင့် ပျမ်းမျှအားဖြင့် တစ်နေ့လျှင် စိုက်ပျိုးရေးလုပ်ငန်း (၆)ခု ပိတ်သိမ်းရမှုများရှိနေကြောင်း သိရှိရပါသည်။

ဂျာမန် လယ်သမားတစ်ဦး၏ပြောကြားချက်အရ စိုက်ပျိုးထုတ်လုပ်မှုအတွက် လောင်စာစွမ်းအင်နှင့် လျှပ်စစ်ဓါတ်အားသုံးစွဲမှုများ ကုန်ကျစရိတ်သည် ယခင်ကထက် (၅၀) ရာခိုင်နှုန်း ပိုမိုကုန်ကျမှုများရှိကြောင်း၊ ရာသီဥတုပြောင်းလဲမှုသည်လည်း အကြောင်းတစ်ချက်ဖြစ်ကြောင်း သိရှိရပါသည်။

German Farmers’ Association (DBV) ၏ ပြောကြားချက်အရ ဂျာမနီနိုင်ငံတွင် အော်ဂဲနစ်လယ်သမားပေါင်း (၃၅၀၀၀) ဦးခန့်ရှိပြီး ငွေကြေးဖောင်းပွမှုဂယက်ရိုက်ခတ်မှုကြောင့် အော်ဂဲနစ်ထုတ်ကုန်ဈေးကွက် အားနည်းမှုများရှိခဲ့ပြီး ရောင်းချရမှုများမှာလည်း ၂၀၂၂ခုနှစ် အောက်တိုဘာလ ကုန်ပိုင်းတွင် (၄.၁) ရာခိုင်နှုန်း ကျဆင်းမှုများရှိခဲ့ကြောင်း၊ စားသုံးသူများမှာလည်း အော်ဂဲနစ်ထုတ်ကုန်များကို ယခင်ထက်ဈေးနှုန်းကြီးမြင့်စွာဖြင့် ဝယ်ယူစားသုံးကြရကြောင်း သိရှိရပါသည်။

ဂျာမန်အော်ဂဲနစ်လယ်သမားများစုရုံး၍ အစိုးရ၏စိုက်ပျိုးရေးမူဝါဒ ပြုပြင်ပြောင်းလဲပေးရေးနှင့် ရေရှည်စဉ်ဆက်မပြတ်တိုးတက်ရေးအစီအစဉ်များအရ ထောက်ပံ့ပေးမှုအစီအစဉ်များကို တောင်းဆိုသည့်အစီအစဉ်ကို ဘာလင်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သော Brandenburg Gate အရှေ့တွင် ၂၁-၁-၂၀၂၃ ရက်နေ့က Tractor များ မောင်းနှင်၍ ပြုလုပ်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြန်မာစီးပွားရေးသံမှူး၊ ဘာလင်မြို့)**

https://myantrade.gov.mm/article/%E1%80%82%E1%80%BB%E1%80%AC%E1%80%99%E1%80%94%E1

# STOCK EXCHANGE (31.1.2023)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 31st Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,600 (Shares) | 17,186,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,500 | 8,600 | 8,500 | 447 | 3,806,000 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | +50 | +1.54% | 3,200 | 3,300 | 3,200 | 451 | 1,457,200 | 38,929,150 | 128,466 |
| MCB | 00003 | 7,700 | +100 | +1.32% | 7,700 | 7,700 | 7,700 | 1 | 7,700 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +150 | +8.11% | 1,900 | 2,000 | 1,900 | 5,181 | 9,942,400 | 24,720,530 | 49,441 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 3 | 7,800 | 12,823,224 | 33,340 |
| EFR | 00006 | 2,700 | +100 | +3.85% | 2,700 | 2,700 | 2,700 | 260 | 702,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +100 | +2.04% | 4,900 | 5,000 | 4,900 | 257 | 1,263,600 | 10,497,598 | 52,488 |


## Market summary

As of 31st Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 392.33 | +5.60 | +1.45% | 385.57 | 392.33 | 385.57 | 6,600 | 17,186,700 | 7 | 682,505 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 31st Jan. 2023

| Trading Volume | Trading Value |
|---|---|
| 6,600 (Shares) | 17,186,700 (MMK) |

### Main Board

As of 1:00 pm, 31st Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,600 (Shares) | 17,186,700 (MMK) |

| MYANPIX | 392.33 ▲ 5.60 |
|---|---|
| Total Volume (shares) | 6,600 |
| Total Value (MMK) | 17 mil |
| Listed Company | 7 |
| Market Cap. (MMK) | 682,505 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 100 |
| FPB | 00004 | 2,000 | ▲ 150 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 100 |
| AMATA | 00007 | 5,000 | ▲ 100 |